အာရကၠခရေးရာအထူးလေ့လာချက်

ရခိုင်ပြည်အတွင်း စစ်ဘေးရှောင်များ၏ အခြေအနေ

လုံခြုံရေး၊ လူမှုစီးပွားဘဝနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရေးဆိုင်ရာ စိန်ခေါ်မှုများ

အမှတ် (၁၄) ၊ ၂၀၂၆ ခုနှစ်
စစ်ဘေးရှောင်များနှင့် လူသားချင်းစာနာမှုဆိုင်ရာကဏ္ဍ



ကားလမ်းမနံဘေးတွင် နေထိုင်နေကြသည့် ပုဏ္ဏားကျွန်းမြို့နယ်က စစ်ရှောင်များအား ၂၀၂၄ ခုနှစ်အတွင်း တွေ့ရစဉ်။
(ဓါတ်ပုံ-Development Media Group-DMG)

နိုဝင်ဘာလ ၆ရက် ၊ ၂၀၂၆ ခုနှစ်

၁။နိဒါန်း

(က) အဓိကအကြောင်းအရာ	ရခိုင်ပြည်ရှိ စစ်ဘေးရှောင်များ၏ လုံခြုံရေးနှင့် အရပ်သားကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရရှိရေး၊ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေအနေများကို လွ့ဲလာခြင်း
(ခ) နယ်မြေဒေသ	ရခိုင်ပြည်အတွင်းရှိ စစ်ဘေးရှောင်များ နေထိုင်ရာ မြို့နယ်များနှင့် စစ်ဘေးရှောင်စခန်းများ
(ဂ) အချိန်ကာလ	၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ

၂၀၂၆ ခုနှစ်အတွင်း ရခိုင်ပြည်၌ စစ်ရေးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် လုံခြုံရေးအခြေအနေ မတည်ငြိမ်မှုများကြောင့် အရပ်သားများ နေရပ်စွန့်ခွာထွက်ပြေးရမှုများ ဆက်လက်ရှိနေပြီး စစ်ဘေးရှောင်များ၏ လူမှုစီးပွားဘဝနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေး အပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် လုံခြုံရေးနှင့် အရပ်သားကာကွယ်ရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာသကဲ့သို့ စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ နေထိုင်စရာနှင့် အခြားအခြေခံလိုအပ်ချက်များ ရရှိရေးမှာလည်း အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခွင့်အလမ်းများ လျော့နည်းလာခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လက်လှမ်းမီမှု အကန့်အသတ်ရှိခြင်းတို့က စစ်ဘေးရှောင်မိသားစုများ၏ ထိခိုက်လွယ်မှုကို ပိုမိုမြင့်တက်စေသည်။

အလားတူပင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင်လည်း စစ်ဘေးရှောင်ကလေးများ၏ ပညာသင်ယူခွင့် ဆုံးရှုံးမှု၊ ကျောင်းသုံးပစ္စည်းနှင့် ပညာရေးကုန်ကျစရိတ်များကို မတတ်နိုင်မှု၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် အခက်အခဲများအပြင် ရေကြီးမှုနှင့် ကူးစက်ရောဂါများကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးအန္တရာယ်များကိုပါ ရင်ဆိုင်နေရသည်။ ယင်းအခြေအနေများသည် စစ်ဘေးရှောင်များ၏ လက်ရှိဘဝလုံခြုံရေးနှင့် အခြေခံလိုအပ်ချက်များအပေါ်သာမက ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် မိသားစုများ၏ ရေရှည်ပြန်လည်ထူထောင်ရေးအပေါ်ကိုပါ သက်ရောက်မှုရှိနေသည်။

ဤလွ့ဲလာချက်သည် ၂၀၂၆ ခုနှစ်အတွင်း ရခိုင်ပြည်ရှိ စစ်ဘေးရှောင်များ၏ အခြေအနေကိုသာ အဓိကအာရုံစိုက်၍ လုံခြုံရေးနှင့် အရပ်သားကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိရေး၊ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့်

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေအနေများကို ခြုံငုံသုံးသပ်ထားသည်။ ဒေသတွင်း သတင်းမီဒီယာများ၊ သက်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ စစ်ဘေးရှောင်များ၏ လိုအပ်ချက်များ၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိကစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လိုအပ်ချက်များကို ဖော်ထုတ်တင်ပြရန် ရည်ရွယ်သည်။

၂။ အချက်အလက်အကျဉ်းချုပ်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ

(၁) စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ရခိုင်မြို့ပေါ်နေပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးရ (Western News)

၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲနှင့် ငပလီဒေသများရှိ ပြည်သူများ လုံခြုံရေးစိုးရိမ်မှု မြင့်တက်လာခဲ့သည်။ ဒီဇင်ဘာ ၃၁ ရက်နေ့ သံတွဲမြို့ပေါ် လေကြောင်းတိုက်ခိုက်မှုအပြီး ပြည်သူထောင်နှင့်ချီ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြပြီး၊ အချို့မှာ ကျေးလက်ဒေသများနှင့် လူနေထိုင်မှုနည်းပါးသော နေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

(၂) ကျောက်ဖြူမြို့နယ်ရှိ စစ်ဘေးရှောင်များ သောက်သုံးရေရှားပါးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်မှုများ ရင်ဆိုင်နေရ (DMG၊ BNA)

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ဖော်ပြချက်များအရ စစ်ကောင်စီနှင့် အာရက္ခတပ်တော် (AA) တို့အကြား တိုက်ပွဲများကြောင့် ကျောက်ဖြူမြို့နယ်တွင် နေရပ်စွန့်ခွာသူ ၃၀,၀၀၀ မှ ၅၀,၀၀၀ ကျော်အထိ ရှိလာခဲ့ကြောင်း သတင်းဌာနများက ဖော်ပြသည်။ စစ်ဘေးရှောင်များသည် တောတောင်များ၊ လယ်ကွင်းများ၊ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် ယာယီခိုလှုံနေကြရပြီး သန့်ရှင်းသော သောက်သုံးရေ၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ မလုံလောက်သည့် အပြင် လူကြီးနှင့် ကလေးငယ်များတွင် အရေပြားရောဂါများလည်း ဖြစ်ပွားနေသည်။ လူမှုကူညီရေးအဖွဲ့များက ရေတွင်းတူးဖော်ခြင်းနှင့် ရေသိုလှောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း စစ်ဘေးရှောင်များအတွက် အခြေခံလိုအပ်ချက်များနှင့် အရေးပေါ်ကျန်းမာရေးအကူအညီများ ဆက်လက်လိုအပ်နေကြောင်း ဖော်ပြထားသည်။

(၃) ပုဏ္ဏားကျွန်းမြို့နယ်ရှိ စစ်ဘေးရှောင်များ သောက်သုံးရေရှားပါးမှုနှင့် စားဝတ်နေရေး အခက်အခဲများ ရင်ဆိုင်နေရ (DMG)

ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျန်တလင်းစစ်ဘေးရှောင်စခန်းတွင် နေထိုင်သူ ၂,၀၀၀ နီးပါးသည် သောက်သုံးရေရှားပါးမှုနှင့် စားဝတ်နေရေးအခက်အခဲများ ရင်ဆိုင်နေရကြောင်း DMG က ဖော်ပြသည်။ စခန်းအနီးရှိ ရေတွင်းများ ခန်းခြောက်လာပြီး ရေကန်များမှ ရေခပ်ယူခွင့် ကန့်သတ်ခံရသဖြင့် ရေရရှိရန် ခက်ခဲနေသည့်အပြင် အိမ်ထောင်စု ၅၀၀ အနက် ၃၀၀ နီးပါးသည် အလုပ်အကိုင်နှင့် ဝင်ငွေမရှိမှု၊ အကူအညီလျော့နည်းမှုတို့ကြောင့် အခြားမြို့နယ်များသို့ သွားရောက်ကာ အစားအစာနှင့် ငွေကြေးအကူအညီများဖြင့် တောင်းရမ်းစားသောက်နေရကြောင်း ဖော်ပြထားသည်။

(၄) စစ်ကောင်စီ၏ တိုက်ခိုက်မှုများကြောင့် ရခိုင်ရှိ ဒေသခံများ နေရပ်စွန့်ခွာနေရပြီး စစ်ဘေးရှောင်များ ထိခိုက်သေဆုံးမှုရှိ (Narinjara၊ DMG)

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျောက်ဖြူ၊ ပေါက်တော၊ ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မြို့နယ်များတွင် စစ်ကောင်စီ၏ ဒရုန်း၊ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒေသခံများ နေရပ်စွန့်ခွာနေရကြောင်း DMG နှင့် နိရ္ဉရာ သတင်းဌာနတို့က ဖော်ပြသည် ။ ကျောက်ဖြူမြို့နယ်တွင်လည်း ဇန်နဝါရီ ၁၇ ရက် လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်ဘေးရှောင်သုံးဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သကဲ့သို့ ဇန်နဝါရီ ၂၂ ရက် ဒရုန်းတိုက်ခိုက်မှုကြောင့်လည်း စစ်ဘေးရှောင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းဖော်ပြထားသည်။

(၅) ရခိုင်ရှိ စစ်ဘေးရှောင်များ ဆောင်းရာသီတွင် အအေးဒဏ်နှင့် ရင်ဆိုင်နေရ (Narinjara)

ရခိုင်ပြည်နယ်တွင် ဆောင်းရာသီအတွင်း အအေးပိုလာသဖြင့် စစ်ဘေးရှောင်စခန်းများ၌ နေထိုင်သူများသည် စောင်၊ အနွေးထည်နှင့် အမိုးအကာမလုံလောက်မှုကြောင့် အခက်အခဲများ ရင်ဆိုင်နေရသည်။ အထူးသဖြင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အအေးဒဏ်ပိုမိုခံစားနေရပြီး စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများလည်း လိုအပ်နေကြောင်း နိရ္ဉရာက ဖော်ပြသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ

(၆) ကျောက်တော်မြို့နယ်ရှိ စစ်ဘေးရှောင်စခန်းများတွင် နေအိမ်နှင့် အိမ်သာ မလုံလောက်မှုများ ရင်ဆိုင်နေရ (DMG)

ကျောက်တော်မြို့နယ်ရှိ COC နှင့် ကဝိရတနာ စစ်ဘေးရှောင်စခန်းများတွင် နေထိုင်သူများသည် လူသားချင်းစာနာထောက်ပံ့မှုဆိုင်ရာကူအညီများမရရှိခြင်း နှင့် ငွေကြေးအခက်အခဲများကြောင့် ပျက်စီးနေသော နေအိမ်များကို ပြုပြင်နိုင်ခြင်းမရှိဘဲ အမိုးအကာမလုံလောက်မှုကို ရင်ဆိုင်နေရ

သည်။ ထို့အပြင် အသုံးပြုနိုင်သော အိမ်သာများ နည်းပါးပြီး အများအပြား ပျက်စီးနေသဖြင့် သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများလည်း ရှိနေကြောင်း DMG က ဖော်ပြခဲ့သည်။ သို့ဖြစ်ပါ၍ စစ်ဘေးရှောင်များသည် စားနပ်ရိက္ခာနှင့် အခြေခံအသုံးအဆောင်များအပြင် နေအိမ်နှင့် အိမ်သာများ ပြုပြင်ရန် လူသားချင်းစာနာမှုအကူအညီများလည်း လိုအပ်ကြောင်းတွေ့ရသည်။

(၇) စစ်တွေရှိ စစ်ဘေးရှောင်များ စားဝတ်နေရေးအခက်အခဲ ရင်ဆိုင်နေရ (Narinjara)

စစ်တွေမြို့ရှိ ဘုန်းကြီးကျောင်းများတွင် ခိုလှုံနေကြသော စစ်ဘေးရှောင်များသည် အလှူရှင်နှင့် အလုပ်အကိုင်ရှားပါးမှုကြောင့် စားဝတ်နေရေး အခက်အခဲများ ရင်ဆိုင်နေရသည်။ စစ်ကော်မရှင် ထံမှ လူတစ်ဦးလျှင် ဆန် ၆၀ ဘူးစီ ရရှိခဲ့သော်လည်း အခြားစားသောက်ကုန်နှင့် ဆေးဝါးများ ဝယ်ယူရန် ဆန်ကို ပြန်လည်ရောင်းချနေရပြီး အချို့မှာ ဆိုင်များမှ အကြွေးယူကာ စားဝတ်နေရေး ဖြေရှင်းနေရကြောင်း နိရဉ္စရာက ဖော်ပြသည်။

(၈) ပုဏ္ဏားကျွန်းမြို့နယ်ရှိ စစ်ဘေးရှောင်များ စားဝတ်နေရေးနှင့် နေထိုင်ရေး အခက်အခဲကြုံနေရ (DMG)

ရခိုင်ပြည်၊ ပုဏ္ဏားကျွန်းမြို့နယ်ရှိ စစ်ဘေးရှောင်များသည် အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် လူသားချင်းစာနာမှုအကူအညီ လျော့နည်းလာမှုတို့ကြောင့် စားဝတ်နေရေး အကျပ်အတည်းကြုံနေရသည်။ အမျိုးသမီးဦးဆောင်အိမ်ထောင်စုများမှာ နေ့စားအလုပ်နှင့် သစ်ထင်း၊ ဝါးထည်ရောင်းချခြင်းမှ ရရှိသည့် ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေး မလုံလောက်သဖြင့် ကလေးများ၏ ပညာရေးကိုပါ ထိခိုက်လာသည်။ ထို့အပြင် သဲတောကျေးရွာရှိ စစ်ဘေးရှောင် ၁,၀၀၀ ကျော်မှာ စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရပြီး၊ ရိုးတရုတ်ကျေးရွာရှိ ဘုန်းကြီးကျောင်းမှ ထွက်ခွာခဲ့ရသော စစ်ဘေးရှောင် ၂၀၀ ကျော်မှာ လယ်ကွင်းပြင်များတွင် ယာယီတဲများဆောက်လုပ်နေထိုင်နေရခြင်းကြောင့် အမိုးအကာနှင့် သန့်ရှင်းသောရေ မလုံလောက်မှုများလည်း ကြုံတွေ့နေရကြောင်း DMG မှ ဖော်ပြခဲ့သည်။

(၉) ရခိုင်ပြည်ရှိ စစ်ဘေးရှောင်ကလေးများ ပညာသင်ယူခွင့် ဆုံးရှုံးမှု ပိုမိုဆိုးရွားလာ (DMG)

ရခိုင်ပြည်တွင် စစ်ဘေးရှောင်စခန်းများရှိ ကလေးများသည် မိသားစုဝင်ငွေဆုံးရှုံးမှု၊ စားဝတ်နေရေးအခက်အခဲနှင့် ကျောင်းသုံးပစ္စည်းဈေးနှုန်းမြင့်တက်မှုတို့ကြောင့် ပညာသင်ယူခွင့် ဆုံးရှုံးနေကြရသည်။ စာရေးကိရိယာနှင့် ကျောင်းသုံးစာအုပ်များ မဝယ်နိုင်ခြင်းကြောင့် ကလေးအများအပြား ကျောင်းမတက်နိုင်ကြသလို၊ အချို့မှာ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ခြင်းနှင့် ညီငယ်၊ ညီမငယ်များကို စောင့်ရှောက်ခြင်းတို့ကြောင့် ပညာရေးကိုကျောခိုင်းနေရသည်။ လူသားချင်းစာနာမှုအကူအညီ လျော့နည်းလာမှုကြား စစ်ဘေးရှောင်ကလေးများအတွက် ပညာရေး အထောက်အပံ့များ တိုးမြှင့်ပေးရန် လိုအပ်နေသည်။

၂၀၂၆ ခုနှစ်၊ မတ်လ

(၁၀) စစ်တွေရှိ စစ်ဘေးရှောင်နာရေးကူညီမှုအသင်း ရန်ပုံငွေအကူအညီလိုအပ်နေ (Western News)

ရခိုင်ပြည်၊ စစ်တွေမြို့ရှိ စစ်ဘေးရှောင်နာရေးကူညီမှုအသင်းသည် ရန်ပုံငွေမလုံလောက်မှုကြောင့် အကူအညီလိုအပ်နေသည်။ အဆိုပါအသင်းသည် ၂၀၂၅ ခုနှစ် သြဂုတ်လမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ စစ်ဘေးရှောင် ၄၀ ဦး၏ နာရေးကို ကူညီပေးခဲ့ပြီး၊ အာဟာရချို့တဲ့မှုနှင့် ဆေးကုသမှုမရရှိမှုတို့ကြောင့် သေဆုံးသူများလာနေကြောင်း သိရသည်။ သေဆုံးသူများအနက် အသက် (၁၈) နှစ်အောက် ကလေး ၅ ဦးပါဝင်ပြီး နာရေးတစ်ခုလျှင် ကျပ် ၆ သိန်းခန့် ကုန်ကျသော်လည်း အသင်း၏ ရန်ပုံငွေမှာ မလုံလောက်ကြောင်း Western News က မတ်လ ၂ ရက်တွင် ဖော်ပြသည်။

(၁၁) ပုဏ္ဏားကျွန်းနှင့် ကျောက်ဖြူမြို့များရှိ စစ်ဘေးရှောင်များ ရေရှားပါးမှု ကြုံနေရ (Western News၊ Narinjara)

ရခိုင်ပြည်၊ ပုဏ္ဏားကျွန်းနှင့် ကျောက်ဖြူမြို့နယ်များရှိ စစ်ဘေးရှောင်များသည် နွေရာသီရေရှားပါးမှုကြောင့် သောက်သုံးရေ အခက်အခဲကြုံနေရသည်။ ကျောက်ဖြူမြို့နယ်တွင် စစ်ဘေးရှောင် ၄,၀၀၀ ခန့် ရေရှားပါးမှုနှင့် ရင်ဆိုင်နေရပြီး မသန့်ရှင်းသောရေ သောက်သုံးမှုကြောင့် ကလေးများတွင် ဝမ်းပျက်ဝမ်းလျှောနှင့် အရေပြားရောဂါများ ဖြစ်ပွားနေကြောင်း သိရှိခဲ့ရသည်။ ပုဏ္ဏားကျွန်းမြို့နယ်တွင်လည်း ရေတွင်းရေကန်များ ခန်းခြောက်လာမှုနှင့် စစ်ဘေးရှောင်ဦးရေ များပြားမှုကြောင့် ရေပြတ်လပ်နေသဖြင့် လူမှုကူညီရေးအဖွဲ့လေးဖွဲ့ ပူးပေါင်းကာ မတ်လ ၂၇ ရက်မှစ၍ ရေအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရှိရပြီး၊ ပထမအကြိမ် ရေလှူဒါန်းမှုတွင် အိမ်ထောင်စု ၁၃၈ စု၊ လူဦးရေ ၅၀၀ ကျော်ကို ကူညီပေးခဲ့ကြောင်း နိရဉ္စရာက မတ်လ ၃၀ ရက်နေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ

(၁၂) သံတွဲနှင့် အမ်းမြို့နယ်တို့တွင် လေကြောင်းနှင့် မိုင်းအန္တရာယ်ကြောင့် စစ်ဘေးရှောင်များ အခက်အခဲကြုံနေရ (DMG၊ Narinjara)

ရခိုင်ပြည်၊ သံတွဲမြို့နယ်တွင် စစ်ကော်မရှင်မှ ဂျက်ဖိုက်တာ ၄ စီးဖြင့် လေကြောင်းတိုက်ခိုက်ခဲ့ပြီး စစ်သင်္ဘောကလည်း လက်နက်ကြီးများ ပစ်ခတ်ခဲ့ရာ စစ်ဘေးရှောင်အမျိုးသမီး ၄ ဦးသေဆုံးပြီး၊ ၃ ဦးဒဏ်ရာရကြောင်း သိရသည်။ ထိုသို့တိုက်ခိုက်မှုများကြောင့် ငပလီကမ်းခြေအနီးမှ ဒေသခံအချို့ ထပ်မံထွက်ပြေးခဲ့ကြရပြီး၊ အမ်းမြို့နယ်တွင်လည်း ယခင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာခဲ့ရသူများသည် လေကြောင်းရန်နှင့် မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် နေရပ်မပြန်နိုင်သေးဘဲ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် သားသမီးများ၏ ပညာရေးအခက်အခဲများကို ဆက်လက်ရင်ဆိုင်နေရကြောင်း DMG မှ ဖော်ပြခဲ့သည်။

(၁၃) စားနပ်ရိက္ခာထောက်ပံ့မှု လျော့ချခံရသဖြင့် စစ်တွေရှိ မွတ်ဆလင်ဒုက္ခသည်များ စားဝတ်နေရေး အခက်ကြုံ (DMG)

စစ်တွေမြို့နယ်ရှိ မွတ်ဆလင် IDP စခန်းများတွင် နေထိုင်သူများသည် မတ်လမှစ၍ World Food Program (WFP) နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စားနပ်ရိက္ခာထောက်ပံ့မှု ဖြတ်တောက်ခြင်း၊ လျော့ချခြင်းတို့ကြောင့် စားဝတ်နေရေး အခက်အခဲကြုံနေရသည်။ ယခင်က တစ်ဦးလျှင် တစ်လ ကျပ် ၄၅,၀၀၀ ရရှိခဲ့သော်လည်း မိသားစုတချို့မှာ ထောက်ပံ့မှု လုံးဝဖြတ်တောက်ခံရပြီး အချို့မှာ မိသားစုဝင်အားလုံးအတွက် မရရှိတော့ကြောင်း သိရသည်။ အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်း မြင့်တက်မှု၊ ငါးဖမ်းခွင့်နှင့် သွားလာခွင့် ကန့်သတ်မှုများကလည်း အခက်အခဲကို ပိုမိုဆိုးရွားစေသည်။

(၁၄) ရခိုင်ပြည်တစ်ဝန်း စစ်ဘေးရှောင်များ စားဝတ်နေရေးနှင့် အမိုးအကာ အခက်အခဲများ ရင်ဆိုင်နေရ (DMG၊ Narinjara)

ကျောက်ဖြူမြို့နယ် မှ ရမ်းဗြဲမြို့နယ်သို့ ရွှေ့ပြောင်းလာသော စစ်ရှောင်အချို့သည် လူသားချင်း စာနာထောက်ထားမှု အကူအညီများ မလုံလောက်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ကုန်ဈေးနှုန်း မြင့်တက်ခြင်းတို့ကြောင့် ယူဆောင်လာသည့် ပစ္စည်းများကို ရောင်းချ၊ ပေါင်နှံကာ အသက်မွေးဝမ်းကျောင်းပြုနေရကြောင်း သိရသည်။ ထို့အပြင် ပုဏ္ဏားကျွန်းနှင့် ကျောက်တော် မြို့နယ်ရှိ စစ်ရှောင်စခန်းအချို့တွင် မိုးသက်လေပြင်းကြောင့် လူနေဆောင်များ ပျက်စီးခြင်းနှင့် အမိုးအကာများ လွင့်ပါခြင်းတို့ ဖြစ်ပွားခဲ့ပြီး ထိခိုက်ခံစားရသူများမှာ မိုးရာသီမတိုင်မီ အရေးပေါ် အမိုးအကာအကူအညီ လိုအပ်နေကြောင်းသိရှိခဲ့ရသည်။

၂၀၂၆ ခုနှစ်၊ မေလ

(၁၅) ရခိုင်ပြည်ရှိ စစ်ဘေးရှောင်ကလေးများ ပညာသင်ယူရန် အခက်အခဲများ ကြုံတွေ့နေရ (DMG)

ရခိုင်ပြည်ရှိ စစ်ဘေးရှောင်မိသားစုများသည် ဝင်ငွေနည်းပါးမှုနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ ဈေးနှုန်းမြင့်တက်မှုကြောင့် သားသမီးများ၏ ပညာရေးကုန်ကျစရိတ်ကို မတတ်နိုင်ဘဲ ကျောင်းပြင်ပသင်တန်းများ ရပ်နားခြင်းနှင့် ကျောင်းထွက်ရခြင်းများ ကြုံတွေ့နေရသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုအန္တရာယ်ကြောင့် ကလေးများ ကျောင်းတက်ရာတွင် ကြောက်ရွံ့မှုများရှိနေသဖြင့် စစ်ဘေးရှောင်စခန်းများအနီး လုံခြုံသော စာသင်ကျောင်းများတည်ဆောက်ပေးရန်နှင့် ပညာရေးအထောက်အပံ့များ တိုးမြှင့်ပေးရန် တောင်းဆိုနေကြသည်။

(၁၆) ကျောက်ဖြူမြို့နယ်တွင် စစ်ဘေးရှောင်များ သောက်သုံးရေ၊ အမျိုးသမီးလစဉ်သုံးပစ္စည်းနှင့် အခြေခံအကူအညီများ အရေးပေါ်လိုအပ်နေ (Western News၊ Narinjara)

ကျောက်ဖြူမြို့နယ်တွင် တိုက်ပွဲများကြောင့် ဒေသခံထောင်ပေါင်းများစွာ နေရပ်စွန့်ခွာနေရပြီး စစ်ဘေးရှောင်များမှာ သောက်သုံးရေ၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အိုးအိမ်နှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများ လိုအပ်နေသည်။ မိုးခေါင်၍ ရေကန်များ ခန်းခြောက်လာသဖြင့် စစ်ရှောင်နေရာ ၉ ခုရှိ လူဦးရေ ၅,၀၀၀ ကျော်အတွက် သောက်သုံးရေ မလုံလောက်သည့်အပြင် အမျိုးသမီးအချို့မှာ လစဉ်သုံးပစ္စည်းများ မရရှိသဖြင့် အဝတ်စုတ်များ အသုံးပြုနေရကြောင်း သိရသည်။ မေလ ၁၀ ရက်မှ တိုက်ပွဲများ ပိုမိုပြင်းထန်လာရာ အနီးဝန်းကျင်ကျေးရွာ ၁၅ ရွာထက်မနည်းမှ လူဦးရေ ၈,၀၀၀ ခန့် ထပ်မံတိမ်းရှောင်ခဲ့ရပြီး ကျောက်ဖြူမြို့နယ်အတွင်း စစ်ဘေးရှောင်ဦးရေ ၅၀,၀၀၀ ခန့်အထိ ရှိလာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

(၁၇) မိုးရာသီနီးကပ်လာသဖြင့် သံတွဲမြို့နယ်ရှိ စစ်ဘေးရှောင် ၃,၇၀၀ ကျော် လုံခြုံသည့် နေရာထိုင်ခင်း အရေးပေါ်လိုအပ်နေ (DMG)

DMG ၏ ဖော်ပြချက်အရ သံတွဲမြို့နယ်ရှိ စစ်ဘေးရှောင် ၃,၇၀၀ ကျော်သည် လေကြောင်းတိုက်ခိုက်မှုများကြောင့် စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းများမှ ထွက်ခွာကာ တောတောင်များနှင့် ကျေးရွာအနီးတစ်ဝိုက်တွင် ယာယီတဲများဆောက်၍ နေထိုင်နေကြရပြီး မိုးရာသီနီးကပ်လာသော်လည်း အိုးအိမ်ပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် အခြေခံလိုအပ်ချက်များ မလုံလောက်သဖြင့် စစ်ဘေးရှောင်များအနေဖြင့် ပိုမိုအခက်အခဲကြုံတွေ့လာနိုင်ကြောင်း ဖော်ပြထားသည်။

(၁၈) အိမ်သာအဆောက်အအုံများ မလုံခြုံမှုကြောင့် စစ်ဘေးရှောင်အမျိုးသမီးများ လုံခြုံမှုနှင့် ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများ ကြုံတွေ့နေရ (DMG)

DMG ၏ ဖော်ပြချက်အရ ရခိုင်ပြည်ရှိ စစ်ဘေးရှောင်စခန်းအချို့တွင် အိမ်သာအရေအတွက် မလုံလောက်ခြင်း၊ အမိုး၊ နံရံနှင့် တံခါးများ ပျက်စီးနေခြင်း၊ သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် အမျိုးသမီးများသည် လုံခြုံမှုနှင့် ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများ ကြုံတွေ့နေရသည်။ ကျောက်တော်မြို့နယ်ရှိ လူဦးရေ ၁,၀၀၀ ကျော် နေထိုင်သည့် စစ်ဘေးရှောင်စခန်းတစ်ခုတွင် မိုးနှင့်လေကြောင့် အိမ်သာများ ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်ရန် အခက်အခဲရှိနေသည်။ ကျောက်ဖြူမြို့နယ်ရှိ စခန်းများတွင်လည်း လူဦးရေနှင့်နှိုင်းယှဉ်ပါက အိမ်သာအရေအတွက် အလွန်နည်းပါးသဖြင့် အမျိုးသမီးများသည် ညအချိန် အိမ်သာသွားလာရာတွင် လုံခြုံမှုမရှိခြင်းနှင့် သန့်ရှင်းရေးဆိုင်ရာ အန္တရာယ်များကို စိုးရိမ်နေရကြောင်း ဖော်ပြထားသည်။ ထို့ပြင် ရသေ့တောင်၊ ပေါက်တော၊ မြောက်ဦး၊ အမ်း၊ ဂွနှင့် တောင်ကုတ်မြို့နယ်များရှိ စစ်ဘေးရှောင်စခန်းများတွင်လည်း အလားတူ အခက်အခဲများ ရှိနေပြီး အမျိုးသမီးလစဉ်သုံးပစ္စည်းများလည်း လိုအပ်နေကြောင်း သိရသည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ

(၁၉) လေကြောင်းတိုက်ခိုက်မှုကြောင့် ရမ်းမြဲ–ကျောက်ဖြူအစပ်ရှိ စစ်ဘေးရှောင် ၁,၀၀၀ ကျော် အရေးပေါ်ရွှေ့ပြောင်းခဲ့ရ (Narinjara)

နိရဉ္စရာ၏ ဖော်ပြချက်အရ မေလ ၂၈ ရက်၊ ဇွန်လ ၁ ရက်နှင့် ၃ ရက်တို့တွင် ရမ်းမြဲ–ကျောက်ဖြူ အစပ်ရှိ စစ်ဘေးရှောင်များ ခိုလှုံရာနေရာများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် စစ်ဘေးရှောင်စခန်းနှစ်ခုမှ အိမ်ထောင်စု ၂၅၀ ကျော်၊ လူဦးရေ ၁,၀၀၀ ကျော်ကို ရမ်းမြဲမြို့နယ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ဇွန်လ ၅ ရက်တွင် ဘေးလွတ်ရာသို့ အရေးပေါ်ရွှေ့ပြောင်းပေးခဲ့သည်။ တိုက်ခိုက်မှုများကြောင့် စစ်ဘေးရှောင်အချို့ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်းလည်း ဖော်ပြထားသည်။

(၂၀) တောင်ပိုင်းရခိုင်ရှိ စစ်ဘေးရှောင် ၃,၀၀၀ ကျော် စားနပ်ရိက္ခာအခက်အခဲ ကြုံနေရ (DMG)

DMG ၏ ဖော်ပြချက်အရ သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်များရှိ စစ်ဘေးရှောင် ၃,၀၀၀ ကျော်သည် လူသားချင်းစာနာမှုအကူအညီ နည်းပါးခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု အခွင့်အလမ်းမရှိခြင်းတို့ကြောင့် စားနပ်ရိက္ခာအခက်အခဲ ပြင်းထန်စွာ ကြုံတွေ့နေရသည်။ အစားအစာရရှိရန် တချို့မိသားစုများ ကလေးများအပါအဝင် အလှူခံနေရပြီး မိုးရာသီအတွက် အမိုးအကာပစ္စည်းများ ဝယ်ယူရန်လည်း အခက်အခဲရှိနေကြောင်း ကူညီရေးလုပ်သားများက ပြောသည်။

(၂၁) ကျောက်ဖြူရှိ စစ်ဘေးရှောင်လယ်သမားများ ထွန်ယက်နွားများကို ဈေးနှိမ်ရောင်းချနေရ (DMG)

တိုက်ပွဲများနှင့် စစ်ရေးပိတ်ဆို့မှုများကြောင့် လယ်ယာမြေများသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းမရှိသည့် ကျောက်ဖြူမြို့နယ်ရှိ စစ်ဘေးရှောင်လယ်သမားများသည် စားဝတ်နေရေးအခက်အခဲ၊ စားကျက်မြေရှားပါးမှုတို့ကြောင့် ထွန်ယက်နွားများကို ဈေးနှိမ်ရောင်းချနေရသည်။ ယခင်က ကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိသည့် နွားတစ်ကောင်ကို ယခုအခါ ထက်ဝက်ခန့်ဈေးဖြင့်သာ ရောင်းချနေရပြီး နွားများဆုံးရှုံးခြင်းသည် နောင်တွင် လယ်ယာလုပ်ငန်းများ ပြန်လည်စတင်ရန်နှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အခက်အခဲဖြစ်လာနိုင်ကြောင်း ဒေသခံများနှင့် ကူညီရေးလုပ်သားများက ပြောကြားထားသည်။

(၂၂) ပေါက်တောမြို့နယ် ချီဝေရွာတွင် စာသင်ကျောင်းမှ ထွက်ခွာရသည့် စစ်ဘေးရှောင် ၅၀ ခန့် နေစရာမရှိ အခက်ကြုံနေရ (Narinjara)

နိရဉ္စရာ၏ ဖော်ပြချက်အရ ပေါက်တောမြို့နယ် ချီဝေရွာရှိ စာသင်ကျောင်းတွင် နေထိုင်ခွင့်မရတော့သဖြင့် စစ်ဘေးရှောင် ၅၀ ခန့် နေစရာမရှိ အခက်အခဲကြုံတွေ့နေရသည်။ အချို့မှာ ရွာတွင်း

အိမ်များဆောက်လုပ်နေထိုင်ခြင်း၊ ဆွေမျိုးများထံ ပြောင်းရွှေ့ခိုလှုံခြင်းတို့ ပြုလုပ်နေကြသော်လည်း ငွေကြေးနှင့် ဆွေမျိုးမရှိသူများမှာ နေထိုင်ရန်နေရာနှင့် စားနပ်ရိက္ခာအခက်အခဲများ ကြုံနေရကြောင်း သိရသည်။ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် စစ်ဘေးရှောင်များကို နေထိုင်ခွင့်မပြုတော့ခြင်းဖြစ်ပြီး အချို့မှာ အခြားမြို့နယ်များသို့ ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း ဖော်ပြထားသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ

(၂၃) မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်ရှိ စစ်ဘေးရှောင်များ၏ အသက်မွေးဝမ်းကျောင်းနှင့် အခြေခံလိုအပ်ချက်များ ပိုမိုအခက်ကြုံနေရ (DMG)

ရခိုင်ပြည်တွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျောက်တော်မြို့နယ်ရှိ စစ်ဘေးရှောင်များ၏ ယာယီနေအိမ်များ မိုးယိုစိမ့်ခြင်း၊ ကုန်တင်လေ့များ မပြေးဆွဲနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး နေ့စား အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု လျော့နည်းလာကာ စားနပ်ရိက္ခာနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းရန် အခက်အခဲကြုံနေရသည်။ ကုန်သွယ်ရေးလမ်းကြောင်းများအပေါ် စစ်ကောင်စီ၏ ကန့်သတ်မှုများကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နေသည့်အပြင် မိုးကာနှင့် ဆေးဝါးများ မဝယ်ယူနိုင်ခြင်း၊ သောက်သုံးရေမလုံလောက်ခြင်းတို့ကြောင့် ကျန်းမာရေးအန္တရာယ်များလည်း တိုးလာကြောင်း ဖော်ပြထားသည်။

(၂၄) ရေကြီးမှုကြောင့် မြောက်ဦးရှိ စစ်ဘေးရှောင်စခန်းတွင် သန့်ရှင်းရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှု လက်လှမ်းမီမှု ထိခိုက် (DMG)

DMG ၏ ဖော်ပြချက်အရ မြောက်ဦးမြို့နယ် ဂရာတောင်စစ်ဘေးရှောင်စခန်းတွင် ရေကြီးမှုကြောင့် အိမ်သာ ၁၄ လုံးအနက် ၄ လုံးခန့်သာ အသုံးပြုနိုင်တော့သဖြင့် အိမ်ထောင်စု ၁၀ မှ ၂၀ အထိ အိမ်သာတစ်လုံးကို မျှဝေသုံးစွဲနေရသည်။ စခန်းတွင် အမိုးအကာ ၇၈ ခု၊ အိမ်ထောင်စု ၆၁ စုနှင့် လူဦးရေ ၂၇၃ ဦး နေထိုင်ကြပြီး အိမ်သာများ ရေမြုပ်ပျက်စီးခြင်း၊ ခြင်ထောင်နှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများ မလုံလောက်ခြင်းတို့ကြောင့် ကျန်းမာရေးအန္တရာယ်များနှင့် နေထိုင်မှုအခက်အခဲများ ကြုံတွေ့နေရကြောင်းဖော်ပြထားသည်။

(၂၅) စစ်တွေရှိ စစ်ဘေးရှောင်စခန်းတာဝန်ခံကို စစ်တပ်က ထပ်မံဖမ်းဆီးခေါ်ဆောင် (Narinjara)

စစ်တွေမြို့ ဆင်ကူးလမ်းကျောင်း စစ်ဘေးရှောင်စခန်းတာဝန်ခံ အမျိုးသားတစ်ဦးသည် ဇွန်လ ၁၅ ရက်တွင် စခန်း၌ ဧည့်စာရင်းစစ်ဆေးစဉ် ဖမ်းဆီးခံခဲ့ရပြီး ဇွန်လ ၂၂ ရက်တွင် ပြန်လည်လွတ်မြောက်ခဲ့သော်လည်း ဇူလိုင်လ ၂၁ ရက်တွင် စစ်တွေ ဒကစမှ စစ်တပ်တပ်ဖွဲ့ဝင်များက ထပ်မံဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းသည် ကျန်းမာရေးမကောင်းသူဖြစ်သဖြင့် မိသားစုဝင်များက စိုးရိမ်နေကြပြီး ယခုဖြစ်စဉ်သည် စစ်ဘေးရှောင်စခန်းတာဝန်ခံများနှင့် စစ်ဘေးရှောင်များ၏ လုံခြုံရေးအပေါ် စိုးရိမ်မှုများကို ပိုမိုမြင့်တက်စေသည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

(၂၆) စစ်တွေရှိ စစ်ဘေးရှောင်စခန်းများတွင် ဝမ်းလျှောရောဂါကြောင့် ကလေး ၁၁ ဦး သေဆုံး (DVB)

ရခိုင်ပြည်၊ စစ်တွေမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းများနှင့် ကျေးလက်ဒေသများတွင် ဩဂုတ် ၁၃ ရက်မှစ၍ ပြင်းထန်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့ရာ ကလေး ၁၁ ဦး သေဆုံးပြီး လူ ၂၀၀ ကျော် ဖျားနာခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုကြောင့် သောက်သုံးရေနှင့် သန့်ရှင်းရေး အခြေအနေများ ဆိုးရွားလာသည့်အပြင် သွားလာခွင့်ကန့်သတ်ချက်များကြောင့် လူနာများသည် ဆေးရုံများသို့ သွားရောက်ကုသရန် အခက်အခဲရှိနေကြသည်။ စစ်ဘေးရှောင်စခန်းရှိ ဆေးခန်းများတွင် ဆေးဝါး၊ ကျန်းမာရေးဝန်ထမ်းနှင့် အရေးပေါ်ကုသရေးပစ္စည်းများ မလုံလောက်သဖြင့် ကျန်းမာရေးအန္တရာယ် ပိုမိုမြင့်မားနေကြောင်းဖော်ပြခဲ့သည်။

(၂၇) ကျောက်ဖြူရှိ စစ်ဘေးရှောင်များ ခြင်ထောင်နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု အရေးပေါ်လိုအပ်နေ (DMG)

ကျောက်ဖြူမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းအချို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားနေသော်လည်း ခြင်ထောင်နှင့် ဆေးဝါးမလုံလောက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ပုံမှန်ကွင်းဆင်းနိုင်မှုမရှိခြင်း တို့ကြောင့် ကူးစက်ရောဂါအန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေးအခက်အခဲများ ကြုံတွေ့နေရသည်။ စစ်ဘေးရှောင်ဦးရေ ၆၀,၀၀၀ ကျော်ရှိသည့် ကျောက်ဖြူမြို့နယ်တွင် စားနပ်ရိက္ခာနှင့် အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများလည်း လိုအပ်နေပြီး တိုက်ပွဲများ၊ လေကြောင်းတိုက်ခိုက်မှုနှင့် ရေတပ်မှ လက်နက်ကြီးပစ်ခတ်မှုများကြောင့် နေရပ်စွန့်ခွာရသူများ၏ လုံခြုံရေးနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရေးမှာ စိန်ခေါ်မှုများ ရှိနေသည်။

(၂၈) ရခိုင်ပြည်ရှိ စစ်ဘေးရှောင်များအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ် (Narinjara)

အိမ်ကြီးရခိုင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်းက စစ်ဘေးရှောင်များအတွက် နေအိမ် ၃၂ လုံး ဆောက်လုပ်လှူဒါန်းခဲ့ပြီး ULA/AA နှင့် HDCO တို့က လေကြောင်းရန်ကြောင့် ငပလီမှ နေရပ်စွန့်ခွာလာသူများကို စားနပ်ရိက္ခာ၊ အခြေခံအသုံးအဆောင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးခဲ့သည်။ ထို့အပြင် မိတ္ထာအဖွဲ့က ကျောက်ဖြူမြို့နယ်ရှိ စစ်ဘေးရှောင် ၃,၉၇၀ ဦးအတွက် တစ်လစာ စားနပ်ရိက္ခာနှင့် အခြေခံလိုအပ်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း နိဂုံးချုပ် သတင်းဌာနမှဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ

(၂၉) စစ်တွေမြို့အနီး တိုက်ပွဲများကြောင့် ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မှ ဒေသခံများ နေရပ်စွန့်ခွာ၊ လူသားချင်းစာနာမှုအကူအညီများ လိုအပ်နေ (DMG၊ BNA)

စစ်တွေမြို့အနီး တိုက်ပွဲများ၊ လက်နက်ကြီးပစ်ခတ်မှုများနှင့် လေကြောင်း၊ ရေကြောင်းတိုက်ခိုက်မှုများကြောင့် ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မြို့နယ်မှ ထောင်နှင့်ချီသော ဒေသခံများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး အချို့မှာ မြောက်ဦးမြို့နယ်အတွင်းရှိ ဆွေမျိုးအိမ်များနှင့် နီးစပ်ရာကျေးရွာများတွင် ယာယီခိုလှုံနေကြရသည်။ စစ်ဘေးရှောင်များသည် စားနပ်ရိက္ခာ၊ နေစရာအမိုးအကာ၊ ငွေကြေးနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ မလုံလောက်မှုအပြင် ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးအခက်အခဲများကိုလည်း ရင်ဆိုင်နေရသည်။ အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် နာမကျန်းဖြစ်နေသူများအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် လိုအပ်နေပြီး အချို့နေရာများတွင် နိုင်ငံတကာလူသားချင်းစာနာမှုအကူအညီများ လက်လှမ်းမမီနိုင်ကြောင်း သိရသည်။

(၃၀) စစ်တွေမြို့တွင် ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် အကူအညီပေးရေးကန့်သတ်ချက်များကြောင့် စားနပ်ရိက္ခာပြတ်လပ်မှု ကြုံတွေ့နေရ (Narinjara)

စစ်တွေမြို့အနီး တိုက်ပွဲများကြောင့် ကုန်သည်သွားလာမှုများ ဝင်ရောက်မှုရပ်တန့်ကာ ကုန်ဈေးနှုန်းမြင့်တက်ခြင်းနှင့် အလုပ်အကိုင်မရှိခြင်းတို့ကြောင့် ဒေသခံများနှင့် စစ်ဘေးရှောင်များ စားနပ်ရိက္ခာပြတ်လပ်မှုကြုံတွေ့နေရသည်။ ထို့အပြင် အလှူရှင်များ၏ အကူအညီပေးရေးအပေါ် အာဏာသိမ်းအစိုးရ၏ ကန့်သတ်ချက်များကြောင့် ဘုန်းကြီးကျောင်းများရှိ ရခိုင်ဒုက္ခသည်စခန်းများတွင် ရိက္ခာမလုံလောက်သဖြင့် အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့မှုနှင့် လူသားချင်းစာနာမှုအကူအညီများ လက်လှမ်းမီရေး လိုအပ်နေသည်။

(၃၁) ကျောက်ဖြူခရိုင်ရှိ စစ်ဘေးရှောင် ၃၀,၀၀၀ ကျော် စားနပ်ရိက္ခာနှင့် ကျန်းမာရေးအကူအညီများ အရေးပေါ်လိုအပ်နေ (Network Media Group)

ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များရှိ စစ်ဘေးရှောင် ၃၀,၀၀၀ ကျော်သည် တိုက်ပွဲများနှင့် လမ်းကြောင်းပိတ်ဆို့မှုများကြောင့် လူသားချင်းစာနာမှုအကူအညီများ မရရှိဘဲ စားနပ်ရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြတ်လပ်နေသည်။ အထူးသဖြင့် အကူအညီအရေးပေါ်လိုအပ်သူ ၅,၁၀၀ ခန့်အတွက် ဆန်၊ ဆေးဝါး၊ အိမ်သုံးပစ္စည်းနှင့် ကလေးများအတွက် ကျောင်းသုံးပစ္စည်းများ လိုအပ်နေပြီး သယ်ယူပို့ဆောင်ရေးကန့်သတ်ချက်များနှင့် ကျန်းမာရေးဝန်ထမ်းမလုံလောက်မှုကြောင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်များသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် အခက်အခဲကြုံတွေ့နေရကြောင်းသိရသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ

(၃၂) ပုဏ္ဏားကျွန်းရှိ စစ်ရှောင်စခန်းများနှင့် ကျေးရွာများ လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် အရပ်သားသေဆုံးမှုများနှင့် နေရာထပ်မံရွှေ့ပြောင်းရမှုများ ဖြစ်ပေါ် (Narinjara၊ DMG)

အောက်တိုဘာလ အစောပိုင်းတွင် ပုဏ္ဏားကျွန်းမြို့နယ်ရှိ အောင်ဖြူပြင်ကျေးရွာနှင့် ဗျာလ၊ ပန်းနီလာ စစ်ရှောင်စခန်းများ လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် အရပ်သားများ သေဆုံးဒဏ်ရာရရှိခဲ့ပြီး နေအိမ်များ၊ ဈေးဆိုင်များနှင့် စစ်ရှောင်များကို အခမဲ့ဆေးကုသပေးနေသည့် ဆေးခန်းတစ်ခုလည်း ပျက်စီးခဲ့သည်။ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားနေခြင်းကြောင့် စစ်ရှောင်များနှင့် ဒေသခံများသည် တောတောင်များ၊ ကားလမ်းဘေးများနှင့် နီးစပ်ရာမြို့ရွာများသို့ ထပ်မံတိမ်းရှောင်နေရပြီး အိမ်ဌားခမြင့်တက်မှု၊ လုံခြုံစိတ်ချရသည့် နေရာထိုင်ခင်းရရှိရန် အခက်အခဲကြုံတွေ့ကြရပြီး၊ စစ်တွေ–ပုဏ္ဏားကျွန်းအစပ် တိုက်ပွဲများနှင့် စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် စစ်ဘေးရှောင်များသည် အလုပ်အကိုင်နှင့် ဝင်ငွေဆုံးရှုံးမှု၊ စားဝတ်နေရေးအခက်အခဲများ ပိုမိုကြုံတွေ့လာရသည်။



ပုဏ္ဏားကျွန်းမြို့နယ်၊ သရက်ချို နှင့် ယိုးဋ္ဌကျေးရွာကြားတွင်ရှိသည့် ဗျာလစစ်ဘေးရှောင်စခန်းအား အောက်တိုဘာလ (၄) ရက်၊ ညနေ (၅) နာရီ (၁၀) မိနစ်အချိန်ခန့်တွင် စစ်ကော်မရှင်မှ ဂျက်တိုက်လေယာဉ် (၂) စီးဖြင့်တိုက်ခိုက်ပြီးနောက်တွေ့ရစဉ် (ဓါတ်ပုံ-One Nation News)

(၃၃) ရခိုင်တောင်ပိုင်းတွင် တောင်းရမ်းစားသောက်သူဦးရေ နှစ်ဆခန့် မြင့်တက်လာ (DMG)

အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် စစ်ရေးမတည်ငြိမ်မှုများကြောင့် ရခိုင်တောင်ပိုင်းတွင် တောင်းရမ်းစားသောက်သူဦးရေ နှစ်ဆခန့် မြင့်တက်လာသည်။ သံတွဲတွင် ငါးဖမ်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ရပ်တန့်နေသဖြင့် ဒေသခံများ ဝင်ငွေဆုံးရှုံးကာ

တောင်းရမ်းစားသောက်ခြင်းနှင့် အိမ်သုံးပစ္စည်းများ ရောင်းချခြင်းတို့ဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေကြရကြောင်း သိရှိရသည်။

(၃၄) တောင်ကုတ်တွင် ဆန်ပြတ်လပ်မှုနှင့် ဈေးနှုန်းမြင့်တက်မှုကြောင့် ဒေသခံများနှင့် စစ်ဘေးရှောင်များ စားဝတ်နေရေးအခက်အခဲ ကြုံတွေ့နေရ (DMG)

တောင်ကုတ်မြို့နယ်တွင် ဆန်ပြတ်လပ်မှုနှင့် ဈေးနှုန်းမြင့်တက်မှုကြောင့် ဒေသခံများနှင့် ကျောက်ဖြူ၊ သံတွဲဘက်မှ စစ်ဘေးရှောင်များ စားနပ်ရိက္ခာအခက်အခဲ ကြုံတွေ့နေရသည်။ ဆန်စက်များတွင် ကြိုတင်မှာယူမှသာ အကန့်အသတ်ဖြင့် ဝယ်ယူနိုင်ပြီး ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၁၅၀,၀၀၀ မှ ၁၆၀,၀၀၀ အထိ ရှိနေသည်။ စစ်ရေးအခြေအနေ၊ လေကြောင်းတိုက်ခိုက်မှု အန္တရာယ်နှင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျခြင်းတို့ကြောင့် ဆန်ရရှိမှု ပိုမိုခက်ခဲလာပြီး စားနပ်ရိက္ခာအကူအညီပေးရေးလုပ်ငန်းများလည်း အဟန့်အတားဖြစ်နေသည်။

(၃၅) သံတွဲနှင့် ဂွတွင် ငွေကြေးအခက်အခဲကြောင့် ဒေသခံများနှင့် စစ်ဘေးရှောင်များ ဆေးကုသမှုခံယူရန် အခက်အခဲကြုံတွေ့နေရ (DMG၊ Narinjara)

သံတွဲနှင့် ဂွမြို့နယ်တို့တွင် အလုပ်အကိုင်နှင့် ဝင်ငွေဆုံးရှုံးမှုကြောင့် ဒေသခံများနှင့် စစ်ဘေးရှောင်များသည် ဆေးဝါးဝယ်ယူခြင်းနှင့် ဆေးကုသမှုခံယူခြင်းအတွက် အခက်အခဲများ ကြုံတွေ့နေရသည်။ လေးဝတီ-သံတွဲ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့က စစ်ဘေးရှောင် ၅၀၀ ဦးကို အခမဲ့ဆေးကုသပေးခဲ့သော်လည်း ဆေးဝါးလက်ကျန် နည်းပါးလာနေပြီး အကူအညီလိုအပ်သူအားလုံးကို လွှမ်းခြုံနိုင်ခြင်းမရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီများ လိုအပ်နေဆဲဖြစ်သည်။

၃။ တွေ့ရှိချက်များ

၁။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ရခိုင်ပြည်ရှိ စစ်ဘေးရှောင်များသည် နေရပ်စွန့်ခွာရမှုနှင့် ယာယီနေထိုင်ရေးအခက်အခဲများကို ရင်ဆိုင်နေရသည်။ ထို့အပြင် လုံခြုံရေး၊ စားနပ်ရိက္ခာ၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ပြဿနာများသည်လည်း အပြန်အလှန်ဆက်စပ်နေသည်။ ယင်းအခြေအနေသည် စစ်ဘေးရှောင်များ၏ လူမှုစီးပွားဘဝအပေါ် ဘက်ပေါင်းစုံမှ ဖိအားဖြစ်စေလျက်ရှိသည်။

၂။ လက်နက်ကိုင်ပဋိပက္ခနှင့် လေကြောင်းတိုက်ခိုက်မှုအန္တရာယ်များသည် စစ်ဘေးရှောင်များ၏ အသက်အန္တရာယ်နှင့် နေထိုင်ရေးလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိသည်။ ထိုအခြေအနေများကြောင့် ကျောင်းတက်ခြင်း၊ ဆေးကုသမှုခံယူခြင်းနှင့် လူသားချင်းစာနာမှုအကူအညီများ ရယူခြင်းတို့တွင် ကန့်သတ်ချက်များနှင့် အခက်အခဲများ ဖြစ်ပေါ်နေသည်။ ထို့ကြောင့် လုံခြုံရေးသည် အခြားအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် အဓိကအရေးကြီးသော အခြေခံအချက်ဖြစ်နေသည်။

၃။ အလုပ်အကိုင်နှင့် ဝင်ငွေရင်းမြစ်များ ဆုံးရှုံးခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် စစ်ဘေးရှောင်အိမ်ထောင်စုများ၏ စားဝတ်နေရေး ပိုမိုခက်ခဲလာသည်။ ထို့အပြင် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်များကို မတတ်နိုင်ခြင်းသည် အခြေခံဝန်ဆောင်မှုများ ရယူနိုင်မှုကို ပိုမိုကန့်သတ်စေသည်။ ယင်းအခြေအနေသည် အရေးပေါ်လူသားချင်းစာနာမှုအကူအညီ လိုအပ်ချက်ကို ပိုမိုမြင့်တက်စေသည်။

၄။ အကူအညီပေးရေးအဖွဲ့များ၏ လုပ်ဆောင်မှုများရှိသော်လည်း လိုအပ်နေသူအားလုံးထံ အကူအညီများ ရောက်ရှိနိုင်ခြင်းမရှိသေးပေ။ အထူးသဖြင့် ဆေးဝါးနှင့် ကုသစရိတ်မတတ်နိုင်သူများ၊ သွားလာရေးအခက်အခဲရှိသူများနှင့် အကူအညီပေးရေးကွန်ရက်များကို လက်လှမ်းမီရန် ခက်ခဲသူများသည် ပိုမိုအခက်အခဲကြုံတွေ့နေရသည်။ ထိုအခြေအနေသည် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ်လည်း ဆိုးကျိုးသက်ရောက်စေသည်။

၅။ စစ်ဘေးရှောင်များ၏ လိုအပ်ချက်များသည် ဒေသအလိုက်နှင့် အိမ်ထောင်စုတစ်စုချင်းစီ အလိုက် ကွဲပြားနေပြီး ရေကြီးမှု၊ သောက်သုံးရေညစ်ညမ်းမှုနှင့် ရောဂါဖြစ်ပွားမှုများကလည်း အခက်အခဲများကို ပိုမိုတိုးပွားစေသည်။ ထို့ကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြေခံပစ္စည်းများ ထောက်ပံ့ပေးခြင်းသာမက အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကိုပါ ရေရှည်ပံ့ပိုးရန် လိုအပ်သည်။ ထို့အပြင် ရေနှင့်သန့်ရှင်းရေး ဝန်ဆောင်မှုများကို ဒေသအလိုက်လိုအပ်ချက်များနှင့် ကိုက်ညီစွာ ဖြည့်ဆည်းပေးနိုင်မည့် ချဉ်းကပ်မှုတစ်ရပ် လိုအပ်သည်။

၄။ သုံးသပ်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာမှ စတင် ဖြစ်ပွားခဲ့သော တကျော့ပြန် ရခိုင်စစ်ပွဲသည် ဒေသတွင်း စစ်ရေးထိန်းချုပ်မှု၊ နိုင်ငံရေးအာဏာသက်ရောက်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအခြေအနေများမှာ အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ လက်ရှိကာလတွင် နယ်မြေ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ULA ဦးဆောင်သောအစိုးရအဖွဲ့က ထိန်းချုပ်ထားပြီး၊ စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်မြို့များသာ နေပြည်တော် စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။

ထို့ကြောင့် ရခိုင်စစ်ရှောင်အများစုမှာ ULA ထိန်းချုပ်နယ်မြေများတွင်ရှိပြီး၊ အရေအတွက်အားဖြင့် ၅ သိန်း မှ ၆ သိန်း ဝန်းကျင်လောက်ထိရှိနိုင်ပြီး၊ စစ်အစိုးရထိန်းချုပ်နယ်မြေများတွင်လည်း ပမာဏ အတိုင်းအတာတစ်ခုထိ ရှိနိုင်ပေသည်။ စစ်ရှောင်များသည် လူမျိုး၊ ဘာသာနှင့် လူတန်းစား ပေါင်းစုံပါဝင်ပြီး၊ ငွေကြေးတတ်နိုင်သူများ၊ ဆွေမျိုးအင်အားတောင့်သူများအတွက် အခက်အခဲ အနည်းအကျဉ်းသာ ရှိသော်လည်း သာမန်လူတန်းစားများအတွက်မူ ပိုင်ဆိုင်ရာ အိမ်၊ ခြံ၊ မြေ နှင့် တခြားသော ပစ္စည်းဥစ္စာများကို စွန့်ပစ်လိုက်ရရာ ထိုအခြေအနေကို ကျော်ဖြတ်ရန် ခေတ္တအစားထိုးစရာအနည်းငယ်သာရှိပြီး၊ စစ်ရှောင်စခန်းနေရာများသို့ဖြစ်စေ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လမ်းဘေး မြေလွတ်နေရာများသို့ဖြစ်စေ ပုံစံအမျိုးမျိုးဖြင့် နေထိုင်ကြရသည်။

ကနဦးထွက်ပြေးလာခါစ ပါလာသော အရင်းအနှီးတချို့ကို ခြိုးခြံခွဲတာပြီး ပေါင်နှံရောင်းချ စားသောက်နိုင်သော်လည်း စစ်ပွဲကာလ ကြာမြင့်လာခြင်း၊ အရင်းအနှီးချို့တဲ့ခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ULA အစိုးရနှင့် အရပ်ဖက်အဖွဲ့ အစည်းများ၏ လှူဒါန်းငွေနှင့်ထောက်ပံ့မှုများကိုသာ အဓိကအားထားလာရသည်။ သို့သော် အဆိုပါ ထောက်ပံ့မှုများမှာ မိသားစုတစ်စုစာ ဖူလုံရေးအတွက် မည်သို့မျှ ရေရှည်မဖြစ်နိုင်ဘဲ နိုင်ငံတကာအကူအညီများ နည်းပါးလာခြင်း၊ အထောက်အပံ့များ ရေရှည်မရရှိနိုင်ခြင်းတို့ကြောင့် စစ်ရှောင်များကြုံတွေ့ရသည့် အကျပ်အတည်းများမှာ ပိုကြီးမားလာသည်။

စစ်ရှောင်စခန်းများသည် လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် တခြားသော နေထိုင်စားသောက် ရေးများအတွက်ပါ ခက်ခဲသောနေရာများ ဖြစ်လာသည်။ လုံခြုံရေးအရ စစ်အစိုးရ၏ ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်မှုများနှင့် မိုင်းအန္တရာယ်များ ကြုံရပြီး၊ ရာသီဥတုသုံးပါးစလုံးတွင် ဆိုးကျိုး များကို လွယ်လင့်တကူ ကြုံတွေ့နိုင်သည်။ မိုးရာသီ ရေကြီးခြင်း၊ မိုးမလုံခြင်း၊ နွေရာသီ ရေရှားပါး ခြင်း၊ မီးလောင်ခြင်းနှင့် ဆောင်းရာသီ အေးခဲသောဒဏ်အောက်တွင် စောင် နှင့် အမိုးအကာမ လုံလောက်မှုများကိုလည်း ခက်ခဲစွာ ကြုံတွေ့ကျော်ဖြတ်နေရသည်။

ထိုအုပ်စုများအနက် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ပိုမို ထိခိုက်ခံစားရနိုင်သည်။ ၎င်းတို့သည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအတွက် လိုအပ် သော ကုန်ကျစရိတ်များကို မတတ်နိုင်ခြင်းအပြင် ရှိနှင့်ပြီးသော အခြေခံဝန်ဆောင်မှုများတွင် လည်း ၎င်းတို့၏ သီးခြားလိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ မစီစဉ်ထားခြင်းမျိုးလည်း ဖြစ် နိုင်သည်။ စစ်ကောင်စီ၏ ထိန်းချုပ်မှုအောက်ရှိ ရခိုင်စစ်ဘေးရှောင်များအနေဖြင့်လည်း တိုက်ပွဲ ဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်၏ ကာကွယ်ရေးအစီအစဉ်အရ မြို့တွင်းသို့ အတင်းအဓမ္မ ပို့ဆောင်ခံရပြီး၊ လုံခြုံရေးအကြောင်းပြချက်ဖြင့် မကြာခဏ စစ်ဆေးခံရခြင်း၊ တပ်သားစုဆောင်း ရေးအတွက် ဖိအားပေးခံရခြင်းတို့အပြင် စားဝတ်နေရေးအတွက် ခိုင်မာသော အစီအမံများလည်း မရှိသည့် အခြေအနေကို ရင်ဆိုင်နေရသည်။ ထို့အပြင် ဗျိုင်းဖြူရွာ ဖြစ်စဉ်ကဲ့သို့ တစ်ရွာလုံးကို အကြမ်းဖက်ခြိမ်းခြောက်မှုများ ပြုလုပ်ခံခဲ့ရပြီး ရွာသားအများအပြား သတ်ဖြတ်ခံရခြင်းနှင့် အချို့မှာ ဖမ်းဆီးခေါ်ဆောင်ခံရခြင်းတို့ ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များကြောင့် ထိခိုက်ခံစားခဲ့ရ သူများသည် စိတ်ပိုင်းဆိုင်ရာ ကြီးမားသော ထိခိုက်မှုများနှင့် လုံခြုံမှုကင်းမဲ့သည့် အခြေအနေများ ကို ဆက်လက်ရင်ဆိုင်နေရနိုင်သည်။

တဖက်တွင်လည်း ULA ၏ ထိန်းချုပ်နယ်မြေများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်နိုင်ရေးကို စစ်ကောင်စီက ပိတ်ဆို့ထားခြင်းသည် စစ်ဘေးရှောင်ပြည် သူများ၏ အခက်အခဲကို ပိုမိုဆိုးရွားစေသည်။ အနှစ်ချုပ်အားဖြင့်ဆိုလျှင် စစ်ရေးပဋိပက္ခ၏ နောက်ဆက်တွဲဘေးထွက်ဆိုးကျိုးဖြစ်သော စစ်ဘေးရှောင်ပြည်သူများ၏ အရေးသည် အရေးကြီးပြီး အရေးပေါ်ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ကိစ္စရပ်တစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအကူအညီများကို ပိတ်ပင်တားဆီးမှုမျိုးမ ရှိဘဲ လိုအပ်သူများထံသို့ ရောက်ရှိစေရန် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးနားချင်းနိုင်ငံအစိုးရများနှင့် သက်ဆိုင်ရာ နိုင်ငံရေးအာဏာပိုင်တိုင်းတွင် တာဝန်ရှိပေသည်။

အာရကၠလေ့လာရေးစင်တာအကြောင်း

အာရကၠလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

©၂၀၂၆ အာရကၠပြည်။
ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org